# ပြစ်မှုဆိုင်ရာပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နှင့်
## ခင်မောင်ဦး *

+ ၂၀၁၀
ဧပြီလ
၂၈ ရက်

**ပြစ်မှုကျူးလွန်သူအား သက်ညှာသောပြစ်ဒဏ်မျိုးပေးခြင်းဖြင့် ပြစ်မှုကျူးလွန်သူအား အားပေးအားမြှောက်ပြုရာရောက်စေနိုင်ကြောင်း။**

**ဆုံးဖြတ်ချက်။** ။ ကျေးလက်နေတောင်သူများသည် လယ်ရေရရှိရေးဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိကြသည်။ ထိုသို့ ခိုက်ရန်ဖြစ်ပွားရာတွင် ယခုကဲ့သို့ ညဥ့်အချိန်၌ ဘတ်ခွများဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်ခတ်ကြခြင်းမှာ မလိုလားအပ်သော အပြုအမူဖြစ်သည်။ တစ်ဖက်မှရမ်းသမ်းပစ်ခတ်သည်ဆိုစေကာမူ တစ်ဖက်တွင် မျက်လုံးတစ်ဖက်ထုတ်ပစ်ရသည်အထိ ဘဝဆုံးရှုံးခဲ့ရသည်။ ဤကဲ့သို့သော ညဥ့်အချိန်တွင် ဘတ်ခွများနှင့် ရမ်းသမ်းပစ်ခတ်ကြရာမှ မျက်လုံး

---

* ၂၀၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၇၁ (ခ)။

\+ ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၆၀ တွင် ချမှတ်သော ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

တစ်ဖက်ထုတ်ပစ်ခံရသည့်အမှုမျိုးအား တရားရုံးများက လျှော့ပေါ့သောပြစ်ဒဏ်ချမှတ်မည်ဆိုပါက နောင်တွင် ဘတ်ခွဖြင့်ပစ်ခတ်ရန် မည်သူမျှဝန်လေးတော့မည်မဟုတ်ချေ။

လျှောက်ထားသူအတွက် - ဦးအောင်ဝင်း
ဒုတိယညွှန်ကြားရေးမှူး (မလာ)
၎င်း၏ရေးသားလျှောက်လဲချက်
အား ရှေ့နေချုပ်ရုံး၊ ဒုတိယ
ညွှန်ကြားရေးမှူး ဦးစန်းရွှေက
တင်သည်။

လျှောက်ထားခံရသူအတွက် - ဦးနေဦး
တရားရုံးချုပ်ရှေ့နေ

ဝက်လက်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀/ ၂၀၀၉ တွင် တရားခံ ခင်မောင်ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၂၅ အရ အလုပ်နှင့်ထောင်ဒဏ် (၆) လကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အား တရားလို ဦးသန်းဝင်းက ကျေနပ်မှုမရှိ၍ ပြစ်ဒဏ်တိုးမြှင့်ချမှတ်ပေးရေးအတွက် စစ်ကိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၆၀/၂၀၀၉ ဖြင့် တင်သွင်းခဲ့သော်လည်း ပလပ်ခြင်းခံရသဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ဝက်လက်မြို့နယ်၊ အောင်ချမ်းသာကျေးရွာနေ ဦးသန်းဝင်းက မိမိသည် (၁၀-၁၀-၂၀၀၈) နေ့ ည (၇) နာရီခန့်တွင် လယ်ကွင်းရေယူရန်လာစဉ် ခင်မောင်ဦးနှင့် အမည်မသိ (၂) ဦးတို့က

ရေမြောင်းကိုပိတ်၍ ရေသွင်းနေသည်ကိုတွေ့ရကြောင်း၊ ရေမြောင်းကိုမပိတ်ရန်ပြောရာ ခင်မောင်ဦးက ဘတ်ခွနှင့်ပစ်ခတ်သဖြင့် မိမိ၏ယာဘက်ပခုံးနှင့် ယာဘက်မျက်လုံးအောက်ကိုထိမှန်ကြောင်း၊ ဖော်ပြလျက် ပထမသတင်းပေးတိုင်ချက်ရေးဖွင့်သောအမှုဖြစ်သည်။

ရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက မူလရုံးဖြစ်သော ဝက်လက်မြို့နယ်တရားရုံးနှင့် စစ်ကိုင်တိုင်းတရားရုံးတို့က ခင်မောင်ဦးမှ ဘတ်ခွဖြင့်ပစ်ခတ်သောကြောင့် ဦးသန်းဝင်း၏ယာဘက်မျက်လုံးထုတ်ပစ်ရသည်အထိ ပြင်းထန်ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း သုံးသပ်ဆုံးဖြတ်ထားသော်လည်း တရားခံအား အလုပ်နှင့်ထောင်ဒဏ် (၆) လချမှတ်ထားခြင်းမှာ ကျူးလွန်သောပြစ်မှုနှင့် ပြစ်ဒဏ်မျှတမှုမရှိကြောင်း၊ စတိသဘော ပြစ်ဒဏ်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူ ခင်မောင်ဦးအပေါ် ပြစ်မှုနှင့်ပြစ်ဒဏ်မျှတသော ထိရောက်ဟန့်တားသည့်ပြစ်ဒဏ် တိုးမြှင့်ချမှတ်ပေးပါရန် တင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက တစ်ဖက်နှင့်တစ်ဖက် ရမ်း၍ပစ်ခတ်ကြသည့်အခြေအနေတွင် လျှောက်ထားခံရသူကပစ်၍ဦးသန်းဝင်း၏ယာမျက်လုံးအောက် ထိမှန်ပျက်စီးရသည်ဟု တိကျခိုင်မာသည့် သက်သေခံထင်ရှားမရှိကြောင်း၊ ဒဏ်ရာရစေရန်အကြံဖြင့် မိမိအလိုအလျောက် တမင်ပြုကြောင်း သက်သေခံဥပဒေပုဒ်မ ၁၀၁ အရ တင်ပြနိုင်မှုမရှိကြောင်း၊ ထောင်ဒဏ် (၆) လချမှတ်ထားသည်မှာ ဥပဒေအရ သက်ညှာလွန်းသည့်ပြစ်ဒဏ်မဟုတ်ကြောင်း၊ ပြင်ဆင်မှုကြားနာသော တရားရုံးအနေဖြင့် မူလရုံးကချမှတ်ထားသောပြစ်ဒဏ်မှာ တရားမျှတမှုကင်းမဲ့လောက်အောင် အလွန်အမင်းလျော့နည်းလွန်းသည်ဟု သိသာထင်ရှားစွာ ပေါ်ပေါက်ခြင်းမရှိပါကဝင်ရောက်စွက်ဖက်၍ ပြင်ဆင်တိုးမြှင့်ပေးလေ့မရှိပါကြောင်း ဤပြင်ဆင်မှုကို ပလပ်ပေးပါရန် တင်ပြသည်။

၂၀၁၀
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ခင်မောင်ဦး

မူလရုံးအမှုတွဲကိုကြည့်ရှုလေ့လာရာတွင် ဝက်လက်မြို့နယ်၊ သခွတ္တောကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာနေ ဦးသန်းဝင်းနှင့် ဟံလင်းကျေးရွာနေ ခင်မောင်ဦးတို့သည် ၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း (၁၁) ရက် ည (၇) နာရီခန့်တွင် လယ်ကွက်ရေယူရာမှ စကားများပြီး အပြန်အလှန် တစ်ဖက်နှင့်တစ်ဖက် ဘတ်ခွများဖြင့် ပစ်ခတ်ကြသဖြင့် ကိုသန်းဝင်း၏ညာဘက်မျက်စိထိမှန်၍ မျက်လုံးကို ထုတ်ပစ်ရသည်အထိ ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး အမှုတွဲရှိဆေးစာ (သက်သေခံ-ဂ) နှင့် ဒေါက်တာရွှေပြည် (လိုပြ-၁၂) ထွက်ဆိုချက်အရ တုံးသောလက်နက်၊ ပြင်းထန်ဒဏ်ရာဖြစ်ကြောင်း အငြင်းမပွားပေါ်ပေါက်သည်။

လျှောက်ထားခံရသူက ကျေးရွာဆည်ကော်မတီအနေဖြင့် တောင်သူများ စိုက်ပျိုးရေရရှိရေးကို မျှမျှတတရရှိအောင် ဆောင်ရွက်ခြင်းအပေါ် လျှောက်ထားသူက စတင်ဘတ်ခွနှင့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမှ လျှောက်ထားသူအား ဘတ်ခွနှင့်ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း ထုချေထားသည်။ အမှုတွဲတွင် ဘတ်ခွအား လျှောက်ထားခံရသူ (၂) ကိုယ်တိုင်ရှာဖွေပုံစံ (သက်သေခံ-ဃ) ဖြင့် အပ်နှံထားကြောင်း တွေ့ရသည့်အပြင် တရားလို ကိုသန်းဝင်းနှင့် လျှောက်ထားခံရသူ (၂) တို့သည် ဝက်လက်မြို့နယ်တရားရုံးတွင် အပြန်အလှန်အမှုများစွဲဆိုထားကြောင်း ပေါ်ပေါက်လျက်ရှိသည်။

လျှောက်ထားခံရသူ၏ရှေ့နေက မည်သူ၏လက်ချက်ကြောင့်ရရှိမှန်းမသိသောဒဏ်ရာအပေါ် လျှောက်ထားခံရသူအား ပြစ်ဒဏ်စီရင်ခဲ့ခြင်းမှာ များစွာနစ်နာကြောင်း တင်ပြထားသည်။

အမှုတွင် တရားလိုသည် သီတင်းကျွတ်လဆန်း (၁၁) ရက် ည (၇) နာရီခွဲခန့်တွင် လယ်ကိုရေယူရန် မြောင်းအားလိုက်လံစစ်ရာ လယ်သို့ဝင်သောမြောင်းအားပိတ်ထားသည်ကို တွေ့ရကြောင်း၊

၂၀၁၀
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ခင်မောင်ဦး

၎င်း၏မူးနံဘေးတွင် ကိုခင်မောင်ဦးနှင့် မျိုးမင်းဦးအား တွေ့ကြောင်း၊ မြောင်းကိုဘာလို့ပိတ်တာလဲဟုမေးရာ ခင်မောင်ဦးက ပိတ်တော့ ဘာဖြစ်လဲဟုပြောခဲ့ကြောင်း၊ ၎င်းမှဖွင့်တော့ဘာဖြစ်လဲဟုပြောပြီး မြောင်းအားဆင်းဖွင့်ရာ မျိုးမင်းဦးမှ ဘတ်ခွနှင့်ပစ်၍ ညာဘက်ရင်အုံ တွင်မှန်ကြောင်း၊ ၎င်းမှဘတ်ခွဖြင့်တစ်ချက်ပစ်ခဲ့ကြောင်း၊ ခင်မောင်ဦး တို့သားအဖမှ တစ်ယောက်တစ်လက်စီပစ်၍ နောက်ကျောအားထိ မှန်ကြောင်း လယ်ကြားရှိ ၎င်း၏တဲသို့ပြန်ပြေးရာ တဲဘက်ရှိ ရေမြောင်းမှကြိုပြီး ၎င်းတို့သားအဖမှ လေးခွနှင့်ပစ်၍ ညာဘက် မျက်လုံးကိုထိမှန်ကြောင်း ထွက်ဆိုထားသည်။

ဦးသိန်း (လိုပြ-၇) က အခင်းဖြစ်ညက ကိုသန်းဝင်းလယ် ဘက်မှ အားဟု ကိုသန်းဝင်း၏ငယ်သံပါအောင်အော်သံကြား၍ သွားကြည့်ရာ ကိုသန်းဝင်း၏နောက်ခပ်လှမ်းလှမ်းတွင် ဓါတ်မီး (၂) လက် အရောင်တွေ့ရပြီး တော်တော်ဝေးဝေးတွင် ဓါတ်မီး (၁) လက် အရောင်တွေ့ရကြောင်း၊ ဘကြီးသိန်းလာပြီဟု အော်သံကြားမှ မီးရောင်များပြန်လှည့်သွားကြောင်း ထွက်ဆိုထားသည်။

မောင်ဖိုးပေါက် (လိုပြ-၉) က ကိုသန်းဝင်းမျက်လုံးမှ သွေး များထွက်နေသဖြင့် ဓါတ်မြင့်တင်မှမေးရာ ခင်မောင်ဦးတို့သားအဖမှ ဘတ်ခွနှင့်ပစ်၍ ဒဏ်ရာရကြောင်းပြောပြသဖြင့် ကိုသန်းဝင်း၏ နောက်ကိုဓါတ်မီးဖြင့်ထိုးကြည့်ရာ ဝါး (၂) ရိုက်ခန့်အကွာတွင် ဦးခင်မောင်ဦးတို့သားအဖကို လရောင်ဖြင့်မြင်တွေ့ရကြောင်း ထွက်ဆို ထားသည်ကို တွေ့ရသည်။

မူလမြို့နယ်တရားရုံးမှ မောင်မျိုး (ခ) မျိုးမင်းဦးအား ပြစ်မှု ထင်ရှားမှုမရှိသဖြင့် အမှုမှအပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်ရာ ဦးသန်းဝင်း တွင်ရရှိသော မျက်လုံးထုတ်ပစ်ခံရသည့် ပြင်းထန်ဒဏ်ရာသည် ခင်မောင်ဦး၏လက်ချက်ဖြစ်ကြောင်း ယုံမှားဘွယ်ရာမရှိချေ။

၂၀၁၀
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ခင်မောင်ဦး

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ တွင် ပြစ်မှုကျူးလွန်သူကို (၇) နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ကျေးလက်နေတောင်သူများသည် လယ်ရေရရှိရေး ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိကြသည်။ ထိုသို့ ခိုက်ရန်ဖြစ်ပွားရာတွင် ယခုကဲ့သို့ ညဥ့်အချိန်၌ ဘတ်ခွများဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ပစ်ခတ်ကြခြင်းမှာ မလိုလားအပ်သော အပြုအမူဖြစ်သည်။ တစ်ဖက်မှ ရမ်းသမ်းပစ်ခတ်သည်ဟုဆိုစေကာမူ တစ်ဖက်တွင် မျက်လုံးတစ်ဖက် ထုတ်ပစ်ရသည်အထိ ဘဝဆုံးရှုံးခဲ့ရသည်။

ဤကဲ့သို့သောအခြေအနေတွင် ပြစ်မှုကျူးလွန်သူ တရားခံ အား အလုပ်နှင့်ထောင်ဒဏ် (၆) လကျခံစေရန် ချမှတ်ခဲ့သော မူလ မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသော စစ်ကိုင်း တိုင်းတရားရုံး၏အမိန့်များသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု ဆိုရန် ခဲယဉ်းသည်။ ဤကဲ့သို့သော ညအချိန်တွင် ဘတ်ခွများနှင့် ရမ်းသမ်းပစ်ခတ်ကြရာမှ မျက်လုံးတစ်ဘက်ထုတ်ပစ်ခံရသည့်အမှုမျိုး အား တရားရုံးများက လျော့ပေါ့သောပြစ်ဒဏ်ချမှတ်မည်ဆိုပါက နောင်တွင် ဘတ်ခွဖြင့်ပစ်ခတ်ရန် မည်သူမျှဝန်လေးတော့မည် မဟုတ်ချေ။

ပြစ်မှုကျူးလွန်သူအား သက်ညှာသောပြစ်ဒဏ်မျိုးကိုပေးခြင်း ဖြင့် ပြစ်မှုကျူးလွန်သူအား အားပေးအားမြှောက်ပြုရာရောက်စေနိုင် ကြောင်း **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ပု (ခ) မောင်မြင့်ပါ (၂)**[၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

---

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၇၁၅

၂၀၁၀
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ခင်မောင်ဦး

ထို့ကြောင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို ခွင့်ပြုသည်။ မူလမြို့နယ်တရားရုံး၏ ပြစ်ဒဏ်နှင့် ယင်းပြစ်ဒဏ်ကိုအတည်ပြုခဲ့သည့် စစ်ကိုင်းတိုင်းတရားရုံးတို့၏အမိန့်များကို ပယ်ဖျက်လိုက်သည်။ ယင်းပြစ်ဒဏ်အစား တရားခံ ခင်မောင်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ အလုပ်နှင့်ထောင်ဒဏ် (၂) နှစ် (နှစ်) နှစ်ကျခံစေရန် ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်လိုက်သည်။

ကျခံပြီးထောင်ဒဏ်ကို ထုတ်နုတ်ခံစားခွင့်ပြုသည်။